Message Four

## ရောနှောပေါင်းစည်းသောဝိညာဉ်တော်၌ အသက်ရှင်ခြင်းအားဖြင့် ခရစ်တော်၌ တည်နေခြင်း

ဖတ်ရန်ကျမ်း။ ။ယော၊ ၁၅း၁၊ ၄-၅။ ၂ကော၊ ၃း၁၇။ ၁ကော၊၁၅း၄၅ခ။ ၆း၁၇။ ၁တိ၊ ၄း၇။ ၂တိ၊ ၁း၆-၇။
ရော၊ ၈း၄-၆။ ဟေဗြဲ၊ ၄း၁၂

**I. မှန်သောစပျစ်နွယ်ပင်ဖြစ်သည့် သခင်ဘုရား၌ တည်နေရန်ဆိုသည်မှာ ကိုယ်တော်နှင့် တစ်ဝိညာဉ်တည်းဖြစ်ရန်နှင့် ရောနှောပေါင်းစည်းထားသောဝိညာဉ်၌ အသက်ရှင်ရန်ဖြစ်သည်-ယော၊ ၁၅း၁၊ ၄-၅။ ၁ကော၊ ၆း၁၇။**

A. ခရစ်ယာန်အသက်တာဆိုသည်မှာ မှန်သောစပျစ်နွယ်ပင်ဖြစ်သည့် သခင်ဘုရား၌ တည်နေခြင်း၏ အသက်တာဖြစ်သည်- ယော၊ ၁၅း၁၊ ၄-၅။ ၁ယော၊ ၂း၂၄၊ ၂၇-၂၈။ ညွှန်း၊ ၄း၁။

B. ယောဟန် ၁၅း၄-၅ ရှိ အပြန်အလှန် တည်နေခြင်းသည် သခင်ဘုရားနှင့်အတူ တစ်ဝိညာဉ်တည်းဖြစ်ခြင်း၏ လက်တွေ့လုပ်ဆောင်ခြင်း ဖြစ်သည်။

**II. ဘုရားသခင့်စီမံကိန်း၏ဗဟိုအချက်အချာမှာ လူသားဝိညာဉ်နှင့်ရောနှောပေါင်းစည်းထားသော ဘုရားဆိုင်ရာဝိညာဉ် တော်ဖြစ်သည့် ရောနှောပေါင်းစည်းသော ဝိညာဉ်ဖြစ်သည်။ ဘုရားသခင် လုပ်ဆောင်ရန် သို့မဟုတ် ပြီးမြောက်ရန် ရည်ရွယ်ထားသည့် မည်သည့်အရာမဆို ဤဗဟိုအချက်အချာနှင့် သက်ဆိုင်ပါသည် - ၈၊ ၃း၉၊ ၅။ ၁း၁၇။ ၂း၂၂း ၄း၂၃။ ၅း၁၈။ ၆း၁၈။**

A. ဓမ္မသစ်ကျမ်း၏အနှစ်သာရမှာ - ဘုရားဆိုင်ရာဝိညာဉ်နှင့် လူသားဝိညာဉ်တည်းဟူသော - တစ်ဝိညာဉ်တည်းအဖြစ် ရောနှောပေါင်းစည်းနေသည့် ဝိညာဉ်နှစ်ခု ဖြစ်သည် -၁ကော၊ ၆း၁၇။

B. တစ်ဝိညာဉ်တည်းဟူသော အသုံးအနှုန်းက ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ဝိညာဉ်တော်ဖြစ်သော သခင်ဘုရား၏ ရောနှောပေါင်းစည်းခြင်းကို ညွှန်ပြသည်။

1. သခင်ဘုရားနှင့် တစ်ဝိညာဉ်တည်းဖြစ်ရန်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်၌ရှိကြပြီး ကိုယ်တော်သည် ကျွန်ုပ်တို့၌ ရှိခြင်းအား ရည်ညွှန်းထားခြင်း ဖြစ်သည်-ယော၊ ၁၅း၄-၅။
2. ကျွန်ုပ်တို့နှင့် ကိုယ်တော်သည် အသက်၌ တစ်ခုတည်းဖြစ်လာရန် အသက်ဆိုင်ရာအရ ရောနှောပေါင်းစည်းခဲ့ကြသည် - ၁၄း၁၉။

C. ကျွန်ုပ်တို့၏ဝိညာဉ်နှင့် သခင်ဘုရား၏ဝိညာဉ်တော်ကို တစ်ဝိညာဉ်တည်းအထဲသို့ ရောနှောပေါင်းစည်းထားသော ဝိညာဉ်သည် သခင်ဘုရား၏ဝိညာဉ်တော်နှင့် ကျွန်ုပ်တို့၏ဝိညာဉ် နှစ်ခုလုံးဖြစ်သည် - ရော၊၈း၄၊ ၂ကော၊၃း၁၇။ ၁ကော၊၁၅း၄၅ခ။ ၆း၁၇။

D. သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ မိတ်သဟာယဖွဲ့ခြင်း၊ ကိုယ်တော်ထံသို့ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းနှင့် ကိုယ်တော်နှင့်အတူ အသက်ရှင်ခြင်းကဲ့သို့သော ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ တွေ့ကြုံခံစားမှုများအားလုံးသည် ဤရောနှောပေါင်းစည်းထားသော ဝိညာဉ်၌ ဖြစ်သည် - ရော၊ ၁း၉။ ၇း၆။

**III. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နေ့စဉ်လျှောက်လှမ်းခြင်း၌ ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ရန် သင်ယူဖို့ လိုအပ်ပါသည်- ၁တိ၊ ၄း၇။ ၂တိ၊ ၁း၆-၇။ ရော၊ ၈း၆။ ဟေဗြဲ၊ ၄း၁၂။**

A. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကိုလေ့ကျင့်ခြင်း၏အလေ့အထကို တည်ဆောက်ရမည် ဖြစ်သည်-၁တိ၊ ၄း၇။

1. လေ့ကျင့် ဟူသောစကားလုံးသည် တွန်းအားပေးခြင်းကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့ခရစ်ယာန်များသည် သခင်ဘုရား၌ ခွန်အားသန်စွမ်း၍ ကြီးထွားလိုကြပါက၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကိုအသုံးပြုရန် မိမိတို့ကိုယ်ကို တွန်းအားပေးရမည် ဖြစ်သည်။
2. သင်သည် ခက်ခဲသောအခြေအနေ၌ ရှိနေသောအခါတိုင်း၊ ကျွန်ုပ်တို့၏ဝိညာဉ်ကို အသုံးပြုရန် မိမိကိုယ်ကို တွန်းအားပေးရန် လိုအပ်ပါသည်။ ဤအရာက သင့်အား ခြားနားသောပုဂ္ဂိုလ်တစ်ဦးဖြစ်စေမည် ဖြစ်သည်။

B. တိမောသေသြဝါဒစာဒုတိယစာစောင် ၁း၆-၇ က ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို တောက်လောင်ခြင်းငှာ လှုံ့ဆော်ရန် လိုအပ်ကြောင်း ညွှန်ပြထားသည်။

1. သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိန်းဝပ်ခံရသော ကျွန်ုပ်တို့၏ အသစ်မွေးဖွားသောဝိညာဉ်၌ မီးရှိသည်၊ အမှန်တွင်

ကျွန်ုပ်တို့၏ဝိညာဉ်သည် မီးဖြစ်သည်ဟု ကျွန်ုပ်တို့ပြောနိုင်ကြပေသည်။

2. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်အား တောက်လောင်ရန် လှုံ့ဆော်ပေးလိုပါက၊ သခင်ဘုရား၏ နာမတော်ကို ခေါ်ရန် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နှုတ်ကို ဖွင့်ရန်၊ ကျွန်ုပ်တို့၏စိတ်နှလုံးကိုဖွင့်ရန်နှင့် ကျွန်ုပ်တို့၏ဝိညာဉ်ကို ဖွင့်ရန် လိုအပ်သည်။
3. ပေါလုသည် တိမောသေအား သူ့အတွင်းရှိ ဘုရားသခင်၏ဆုကျေးဇူးကို တောက်လောင်စေခြင်းငှာ လှုံ့ဆော်ရန် "ဘုရားသခင်သည် ကြောက်တတ်သောဝိညာဉ်ကို ငါတို့အား ပေးတော်မူသည်မဟုတ်။ တန်ခိုးပါသော ချစ်တတ်သော၊ တည်ကြည်သောသဘောကို ပေးတော်မူ၏" (အငယ်၊ ၇) ဟု ပြောဆိုခြင်းဖြင့် သတိပေးခဲ့သည်။
   a. ဘုရားသခင်သည် ကျွန်ုပ်တို့ဖြစ်ခြင်း၏အလယ်ဗဟို၌ ကျွန်ုပ်တို့အား ဝိညာဉ်ကို ပေးထားခဲ့ပြီး-အလိုဆန္ဒ၊ ခံစားချက်နှင့် အသိဉာဏ်တည်းဟူသော စိတ်၏အပိုင်းသုံးပိုင်းအားဖြင့် ဝန်းရံထားခဲ့သည်။ တန်ခိုးသည် ကျွန်ုပ်တို့၏ အလိုဆန္ဒတွင် တည်ရှိသည်၊ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏ခံစားမှုနှင့် သက်ဆိုင်ကာ၊ တည်ကြည်ခြင်းသည် ကျွန်ုပ်တို့၏ အသိဉာဏ်နှင့်သက်ဆိုင်သည်။
   b. တိမောသေဩဝါဒစာ ဒုတိယစာစောင် ၁း၆-၇ က ကယ်တင်ခြင်းခံရသော ကျွန်ုပ်တို့တွင် ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာကို အသက်ရှင်ရန် စွမ်းရည်ရှိကြောင်း ကျွန်ုပ်တို့အား ပြသထားသည်။ ဤစွမ်းရည်သည် ဘုရားသခင်ပေးအပ်ထားသော-ဝိညာဉ်တော် ဖြစ်ပြီး၊ ၎င်းကို ကျွန်ုပ်တို့၏ အလိုဆန္ဒတန်ခိုး၊ ကျွန်ုပ်တို့၏ခံစားမှု ချစ်ခြင်း မေတ္တာနှင့် ကျွန်ုပ်တို့အသိဉာဏ်၏တည်ကြည်မှု တို့ဖြင့် ဝန်းရံထားသည်။ ဤအကူအညီပေးသူ သုံးဦးသည် ကျွန်ုပ်တို့၏ ဝိညာဉ်ကို စိတ်ပျက်အားငယ်စေရန် ဝန်းရံထားခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့ကို မြှင့်တင်ပေးရန်နှင့် ကူညီရန်သာဖြစ်သည်။
4. "တောက်လောင်ခြင်းရှိသောအခါတိုင်းတွင်၊ စာတန်နှင့် တိုက်ခိုက်ရသောစစ်ပွဲရှိသည်။ မီးကို တောက်လောင်နေစေသော အချိန်တွင် မီးသတ်ဌာနသည် မီးကိုငြိမ်းသတ်ရန် တိုက်ခိုက်နေပါသည်. . . ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ ကျွန်ုပ်တို့ကို ငြိမ်းသတ်နိုင်သည့်အရာများ ဖြစ်ပျက်လိမ့်မည် ဖြစ်သည်။ ထိုအချိန်၌ ကျွန်ုပ်တို့ တိုက်ခိုက်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ သည် အကြောင်းအရင်းမှန်တို့ကို ကြွေးကြော်ရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို တောက်လောင်ရန် လှုံ့ဆော်ပေးရမည် ဖြစ်သည်။ ထို့နောက်တွင် ကျွန်ုပ်တို့သည် အမြင့်မားဆုံးသောပုဂ္ဂိုလ်များ၊ အားကြီးသောပုဂ္ဂိုလ်များ ဖြစ်ကြလိမ့်မည် ဖြစ်သည်" - The Collected Works of Witness Lee, 1993, vol.1, p. 185.

C. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်အပေါ်တွင် ထားရှိရန် လိုအပ်သည်-ရော၊ ၈း၆။

1. ဝိညာဉ်၌ရှိရန် နည်းလမ်းမှာ ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်အပေါ်တွင် ထားရှိရန်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်နှင့် တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းဖြစ်သည်-အငယ်၊ ၆၊ ၉က။
2. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသိဉာဏ်ကို ထိန်းချုပ်၍ ကျွန်ုပ်တို့၏ဝိညာဉ်အပေါ်တွင် ထားရှိရန် လိုအပ်သည်၊ သို့မှသာ ၎င်းသည် ကျွန်ုပ်တို့ဝိညာဉ်၏ထိန်းချုပ်မှုအောက်သို့ ရောက်ရှိလာနိုင်မည်ဖြစ်သည် - အငယ်၊ ၆။ ညွှန်း၊ ၁ပေ၊ ၁း၁၃။
   a. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသိဉာဏ်ကို ကျွန်ုပ်တို့၏ဝိညာဉ်မှ ခွဲခြားမထားသင့်ပေ။ ယင်းအစား၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို ကျွန်ုပ်တို့အသိဉာဏ်၏ဝိညာဉ်ဖြစ်လာရန် အခွင့်ပေးရမည် ဖြစ်သည်-ဧ၊ ၄း၂၃။
   b. ကျွန်ုပ်တို့၏ဝိညာဉ်နှင့် ကျွန်ုပ်တို့၏အသိဉာဏ်သည် အတူတကွပေါင်းစည်းနေသောအခါ၊ ကျွန်ုပ်တို့သည် စိတ်ပူပန်ခြင်းမရှိဘဲ ချီးမွမ်းနိုင်မည်ဖြစ်သည်။ မည်သည့်အရာကိုမျှ စိုးရိမ်ကြောင့်ကြခြင်းမရှိဘဲ ငြိမ်သက်ခြင်းနှင့် ပြည့်ဝနေမည် ဖြစ်သည်။ မည်သည့်စိတ်တုန်လှုပ်ခြင်းမျှမရှိဘဲ နားခိုခြင်း၌ ရှိနိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက၊ ကျွန်ုပ်တို့၌ အိပ်မပျော်နိုင်ခြင်း၊ စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ စိတ်ကူးယဉ်အတွေးများနှင့် ပြင်းထန်သောစိတ်ကူးစိတ်သန်းများ ရှိလိမ့်မည် ဖြစ်သည်။
3. ကျွန်ုပ်တို့သည် ရိုးရှင်းခြင်းရှိရန်၊ ဝိညာဉ်ထံလှည့်ပြန်ရန်၊ ကျွန်ုပ်တို့၏ အသိဉာဏ်ကို ဝိညာဉ်အပေါ်ထားရှိရန်နှင့် ဝိညာဉ်အတိုင်း လျှောက်လှမ်းရန် သင်ယူရမည် ဖြစ်သည်။ ဤသည်မှာ ဝိညာဉ်ဆိုင်ရာလျှောက်လှမ်းခြင်း၊ ဝိညာဉ်၌ လျှောက်လှမ်းခြင်းကို ယူဆောင်ခြင်း၏ သော့ချက်၊ လျှို့ဝှက်ချက်ဖြစ်သည်-ရော၊ ၈း၄-၆။

D. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို ကျွန်ုပ်တို့၏စိတ်မှ ပိုင်းခြားသိမြင်ရန် လိုအပ်သည်-ဟေဗြဲ၊ ၄း၁၂။

1. ရန်သူ၏နည်းဗျူဟာမှာ ကျွန်ုပ်တို့၏ဝိညာဉ်ကို ကျွန်ုပ်တို့၏စိတ်နှင့် အမြဲတစေ ရောနှောရန်ဖြစ်သည်။ ထိုကဲ့သို့သော ရောနှောခြင်းရှိသည့်အခါတိုင်းတွင် ဝိညာဉ်သည် ရှုံးနိမ့်ပြီး စိတ်သည် အနိုင်ရသည်။
2. ဝိညာဉ်နှင့် မသက်ဆိုင်ဘဲ စိတ်နှင့်သာ သက်ဆိုင်သော မည်သည့်အရာကိုမဆို ပိုင်းခြားသိမြင်ရန် ကျွန်ုပ်တို့အမြဲတမ်း သတိရှိသင့်ပါသည်။ ထိုမှသာ ကျွန်ုပ်တို့သည် အချိန်တိုင်းဝိညာဉ်၌ တည်ရှိနေကြမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ရန်၊ အသုံးပြုရန်၊ အသုံးချရန်ဖြစ်သည်။

**IV. အဆုံးအစွန်အနေဖြင့်၊ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့ထံမှ တစ်ခုတည်းသောအရာကိုသာ လိုအပ်ပါသည်- ယင်းမှာ ရောနှောပေါင်းစည်းထားသောဝိညာဉ်အတိုင်း ကျွန်ုပ်တို့လျှောက်လှမ်းခြင်းဖြစ်သည် - ရော၊ ၈း၄။**

A. အရာခပ်သိမ်းအဖို့ သော့ချက်ကို ကျွန်ုပ်တို့၏အသစ်မွေးဖွားသောဝိညာဉ်၌ရှိပြီး ကျွန်ုပ်တို့၏ဝိညာဉ်နှင့် တစ်ဝိညာဉ်တည်း ဖြစ်လာသော အံ့ဖွယ်သောဝိညာဉ်တော်၌ တွေ့ရှိရသည်- ၁ကော၊ ၆း၁၇။
B. ဝိညာဉ်၌ အသက်ရှင်ရန်ဆိုသည်မှာ ခရစ်တော်သည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးသို့ စိမ့်ဝင်ပျံ့နှံ့ပြီး၊ ကျွန်ုပ်တို့အားဖြင့် ထင်ရှားလာသည်အထိ ကိုယ်တော်သည် ကျွန်ုပ်တို့အားဖြည့်စေပြီး ပြည့်ဝစေခြင်းဖြစ်သည် - ဧ၊၃း၁၆-၁၇။ ကော၊ ၃း၄။ ၁၀-၁၁။
C. ကျွန်ုပ်တို့ထံသို့ ဖြစ်ပျက်လာသမျှအရာအားလုံးတို့သည် ကျွန်ုပ်တို့ ဝိညာဉ်၌အသက်ရှင်နေခြင်းလော သို့မဟုတ် အတ္တ၌လောဟူသည်ကို စမ်းသပ်ခြင်း ဖြစ်သည် - ရော၊၈း၂၈။
D. စာတန်ကို ဆိတ်ငြိမ်သွားစေသည့် အကောင်းဆုံးနည်းလမ်းမှာ ဝိညာဉ်၌ အသက်ရှင်ရန် ဖြစ်သည်-ဗျာ၊ ၁၂း၁၁။
   1. စာတန် ကျူးကျော်ဝင်ရောက်နိုင်ခြင်း မရှိသော နေရာတစ်နေရာသာရှိသည် - ကျွန်ုပ်တို့၏ဝိညာဉ်။
   2. ကျွန်ုပ်တို့သည် စာတန်၏အခွင့်အာဏာအောက်၌ ရှိမရှိဆိုသည်မှာ ကျွန်ုပ်တို့ပြုမူသောအရာများအားဖြင့် အဆုံးအဖြတ်မပေးပေ။ ထိုအစား၊ ယင်းကို ကျွန်ုပ်တို့ဝိညာဉ်၌ ရှိနေခြင်းလော သို့မဟုတ် အသွေးအသား၌လော ဆိုသည်ဖြင့် ဆုံးဖြတ်ခြင်းဖြစ်သည်-ဂလာ၊ ၅း၁၆-၁၇။
   3. ကျွန်ုပ်တို့သည် ရောနှောပေါင်းစည်းထားသောဝိညာဉ်၌ တည်ရှိနေသရွေ့ ကျွန်ုပ်တို့စောင့်ထိန်းခြင်း ခံရကြမည်ဖြစ်ပြီး စာတန်၌ ကျွန်ုပ်တို့နှင့်အတူရှိနေရန် နည်းလမ်းရှိမည် မဟုတ်ပေ - ၁ယော၊ ၅း၄၊ ၁၈-၂၁။

**V. ခရစ်ယာန်အသက်တာတစ်ခုလုံး၏သော့ချက်မှာ အရာခပ်သိမ်းပါဝင်သော အသက်ပေးသောဝိညာဉ်တော်ဖြစ်သည့် ခရစ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်ရှင်နေခြင်းဖြစ်ကာ၊ ဝိညာဉ်တော်အဖြစ် ကိုယ်တော်သည် ထိုဝိညာဉ်နှစ်ခုအား တစ်ခုတည်း ဖြစ်စေရန် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ရောနှောစေခြင်း ဖြစ်သည်- ၁ကော၊၁၅း၄၅ခ၊ ရော၊၈း၁၆။ ၁ကော၊ ၆း၁၇။**

A. ကျွန်ုပ်တို့၏ ရောနှောပေါင်းစည်းထားသောဝိညာဉ်တွင် ပြဿနာမရှိပါ။ ထို့ကြောင့် ဖြေရှင်းခြင်းများ မလိုအပ်ပါ။ ကျွန်ုပ်တို့လိုအပ်သမျှသောအရာတိုင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ရှိသည်-ဖိ၊ ၁း၁၉။ ၄း၂၃။
B. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အားနည်းချက်များ၊ ချို့ယွင်းချက်များ၊ ကျရှုံးခြင်းများနှင့် အတ္တမှဖြစ်သောအရာခပ်သိမ်းကို မေ့လျော့ပစ်ရန် လိုအပ်ပြီး၊ ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်အပေါ်တွင် ထားရှိကြရပါမည် ၎င်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်အား အမြဲတမ်းအလေးထားခြင်း၊ ကျွန်ုပ်တို့၏ဝိညာဉ်ကို အသုံးပြုခြင်းနှင့် ကျွန်ုပ်တို့၏ဝိညာဉ်ကို ဂရုစိုက်ခြင်းအားဖြင့် ဝိညာဉ်၌ တည်ရှိနေခြင်းဖြစ်သည်-ရော၊ ၆း၈။
C. ကျွန်ုပ်တို့သည် သခင်ဘုရား၏မျက်မှောက်တော်၌ အချိန်ကို ပို၍ပို၍ အသုံးပြုရန် အလို့ငှာ ဆုတောင်းခြင်းအားဖြင့် ဝိညာဉ်၌ တောက်လောင်ခြင်းရှိရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်၌ စစ်မှန်စွာ တောက်လောင်ကြသောအခါ ကျွန်ုပ်တို့သည် ခရစ်တော်ကြောင့် မိမိတို့ကိုယ်ကို မသိဘဲ မိုက်မဲရူးသွပ်သူများကဲ့သို့ ဖြစ်ကြသည်-မ၊ ၆း၆။ ၂ကော၊ ၅း၁၃။ ၁ကော၊ ၄း၁၀။
D. ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်များနှင့် အခြေအနေတို့သည် စိတ်မသက်သာဖွယ်ရာ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ ကျွန်ုပ်တို့ကိုယ်တိုင်သည် ဝိညာဉ်၌ဝမ်းမြောက်ခြင်းရှိရမည်ဖြစ်ပြီး၊ ဘုရားသခင်၏နိုင်ငံတော်စစ်မှန်ခြင်း၌ အသက်ရှင်ကြရမည်ဖြစ်သည် - ရော၊ ၁၄း၁၇။ ညွှန်း၊ ဒံ၊ ၃း၁၉-၂၀၊ ၂၅။ တ၊ ၁၆း၂၃၊ ၂၅။ ဧ၊ ၄း၁။
E. ကျွန်ုပ်တို့သည် ဝိညာဉ်၌ တောက်လောင်ခြင်းနှင့် ဝမ်းမြောက်ခြင်းရှိသောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ကြ၍၊ အသက်၌ ဘုရင်အဖြစ် စိုးစံကြကာ၊ အသက်၏သစ်လွင်ခြင်း၌ လျှောက်လှမ်းကြပြီး၊ ဝိညာဉ်၏ သစ်လွင်ခြင်း၌ အမှုဆောင်ကြသည်-ရော၊ ၅း၁၀-၁၁၊ ၁၇။ ၆း၄။ ၇း၆။